## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၁၁)
# ကျွန်ုပ်အသက်တာရှိထူးဆန်းနက်နဲသောတန်ခိုးခွန်အား

၁၉၂၉ ခုနှစ်တွင် ဖရင့်မောရစ်သည် သဘော်စီးကာ ဆွစ်ဇာလန်သို့လာခဲ့ပါသည်။ သူသည် ဤခရီးစဉ်ကို စဉ်းစားခဲ့သည်မှာကြာပြီဖြစ်ပါသည်။ သို့ရာတွင် သူ့အတွက်အရက်ကွဲစရာသာဖြစ်ခဲ့သည်။ သူ့ကိုထိန်းသိမ်းရန်ထားသောအစောင့်သည် ညအချိန်၌သူ့ကိုသော့ခတ်၍ထားသည်။ သူလှုပ်ရှားရန်အချိန်အနည်းငယ်သာရသည်။ သဘော်ပေါ်တွင်လမ်းလျှောက်ရန် တိရစ္ဆာန်ငယ်တစ်ကောင်ကဲ့သို့ဆွဲခေါ်ခြင်းခံရပါသည်။ နောက်ပြီး သဘော်၏ကုလားထိုင်ပေါ်တွင်တင်ထား၏။ သူ့အား လမ်းတွင်ရင်းနှီးသောမိတ်ဆွေများကဖိတ်ခေါ်သော်လည်း သူ့အထိန်းသည် သူ့အားခွင့်မပြု၊ သူ့အားကြည့်ရှုရမည်ဟုဆင်ခြေပေးပါသည်။ ဖရင့်သည် လူကြီးတစ်ယောက်ဖြစ်၍ လူကြီးကဲ့သို့သိလိုသောဆန္ဒရှိပါသည်။ သို့ရာတွင် သူသည်မျက်စိမမြင်ပါ။ ထို့ကြောင့် သူ့အားကြည့်ရှုသောပုဂ္ဂိုလ်သည် သူ့ကိုယ်သူမထိန်းနိုင်ဟုမှတ်ကာ ပစ္စည်းကလေးပမာထားသည့်နေရာတွင်နေရမည်ဟု သဘောပေါက်ထားသည်။

ဆွစ်ဇာလန်ပြည်သို့ရောက်သောအခါ ဖရင့်၏အသက်တာသည် ဖြုန်းကနဲပြောင်းလဲသွားတော့သည်။ ထိုတိုင်းပြည်၌ရှိစဉ် ခွေးများတို့ကိုမျက်မမြင်သောသူများအတွက်လေ့ကျင့်ထားကြောင်းသိရသည်။ ထို့ကြောင့် ဘားဒီအမည်ရှိခွေးကြီးတစ်ကောင်ကို အမေရိကန်ပြည်သို့ယူဆောင်လာကာ ထိုခွေးကဲ့သို့မျက်မမြင်များကိုလမ်းပြနိုင်သောခွေးများကိုလေ့ကျင့်ပေးလေသည်။ ထိုအဖွဲ့အစည်း၏အမည်မှာ “မြင်သောမျက်စိ” ဖြစ်သည်။ ယခုအချိန်တွင် ဤအဖွဲ့အစည်းသည်ကမ္ဘာအနှံ့တွင်ရှိပါသည်။ ဤဘားဒီဆိုသောခွေးကြီးနှင့်အတူ ဖရင့်သည် နေရာတိုင်း၊ အချိန်တိုင်း၊ လူတိုင်းနှင့်သွားလာနိုင်သည်။ ယခုသူသည် လွတ်လပ်သောသူတစ်ဦးဖြစ်လာသည်ဟုမှတ်ယူသည်။ တစ်ခါသောအချိန်၌ သတင်းထောက်များဖိတ်ခေါ်ကာ ဘားဒီနှင့်အတူ တစ်လမ်းမှတစ်လမ်းဖြတ်ကျော်ကာ ကားများအကြားမှအန္တရာယ်ကင်းစွာဖြင့်သွားလာနိုင်သည်။ အကြောင်းမှာ လမ်းကို လွယ်လင့်တကူဖြတ်ကူးနိုင်ခြင်းသည် ဘားဒီကိုကိုးစားယုံကြည် နိုင်သောကြောင့်ဖြစ်၏။ သတင်းထောက်တစ်ဦးမှာ ခက်ခက်ခဲခဲဖြင့် အချိန်ပိုယူကာဖြတ်ကျော်ရပါသည်။ နောက်သတင်းထောက်တစ်ဦးမှာကား ကားငါးကာဖြတ်ကျော်လိုက်ရပါသည်။

နောက်ပိုင်းစာမျက်နှာအနည်းငယ်တွင် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုကိုလေ့လာ၍ ကျွန်ုပ်တို့၏ အသက်တာကို သူ၏လက်တွင်းသို့အပ်ရန်တောင်းဆိုကြောင်းသိရပါမည်။ ကျွန်ုပ်တို့အားလုံးသည် လူ၏သဘောသဘာဝအားဖြင့် မိမိကိုယ်ကိုထိန်းသိမ်းရန်စွမ်းဆောင်နိုင်ခြင်းမရှိပါ။ ဖရင့်ကဲ့သို့အမြင်မရှိသောအတွေးအခေါ်သဘောတရားများရှိပါသည်။ ရင်ဆိုင်ရသောအသက်တာခရီးသည်လည်း ကြမ်းတမ်းခက်ခဲ၍ လိုရာခရီးသို့ရောက်နိုင်ရန်မလွယ်ပါ။ ဤကဲ့သို့သောအခြေအနေများကိုသိလျက်နှင့် ကောင်းသောလမ်းပြကိုအမိမပြုလိုပါ။ သို့ရာတွင် ကျွန်တော်တို့တစ်ဦးစီအတွက် လွတ်လပ်သောတန်ခိုးခွန်အားကို သန့်ရှင်းသောဝိညာဉ်၏လမ်းပြမှုအားဖြင့်သာ အသက်တာခရီးကိုလျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။

## ၁။ ဤလောကကြီးတွင်သန့်ရှင်းသောဝိညာဉ်တော်သည်  ခရစ်တော်၏ကိုယ်စားလှယ်ဖြစ်သည်

"ငါအမှန်အကန်ဆိုသည်ကား ငါသွားလျှင်သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား ငါမသွားလျှင်ဥပဓ္ဍာယ် ဆရာသည် သင်တို့ဆီသို့မလာ။ ငါသွားလျှင် ထိုသူကိုသင်တို့ဆီသို့ငါစေလွှတ်မည်" (ယောဟန် ၁၆း၇)။

ခရစ်တော်သည် ကောင်းကင်သို့တက်ကြွသွားခါနီးတွင် တန်ဖိုးမဖြတ်နိုင်သောကိုယ်စားလှယ်တစ်ဦးပေးခဲ့မည်ဟု ကတိပေးခဲ့သည်။ "သမ္မာတရားနှင့်ပြည့်စုံသောထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သစ္စာတရားကို သင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ့်အလိုအလျောက်ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။ နောင်လာလတ္တံ့သောအရာတို့ကိုလည်း သင်တို့အားဖော်ပြလိမ့်မည်။ ထိုသူသည် ငါ့ဘုန်းကိုထင်ရှား စေလိမ့်မည်။ အကြောင်းမူကား ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အားဖော်ပြလိမ့်မည်" (ယောဟန် ၁၆း၁၃၊ ၁၄)။

ဘုရားသခင်၏စီစဉ်သတ်မှတ်ချက်တွင် ခရစ်တော်သည် ကောင်းကင်နိုင်ငံသို့ကြွရမည်ဖြစ်သည်။ လောကသားများ အတွက် ဘုရားသခင်၏ပလ္လင်တော်ရှေ့တွင်ကိုယ်စားပြုရမည်ဖြစ်သောကြောင့်ဖြစ်သည်။ (ဟေဗြဲ ၉း၂၄)။ လူသားအတွက် အသက်တော်ကိုစွန့်သောခရစ်တော်သည် ကျွန်ုပ်တို့အားလုံးအတွက်ကိုလည်း ကောင်းကင်တွင်ကိုယ်စားပြုရမည်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အပြစ်သားများအတွက် အကျိုးဆောင်လုပ်ငန်းပြုရန်နှင့် သွန်သင်ရန်စေလွှတ်ပါသည်။ ဤလောကတွင် ခရစ်တော်သက်တော်ထင်ရှားစဉ်အခါ လူသား၏ကိုယ်ကာယတွင်ရှိသော ကြောင့် တစ်ချိန်တည်းမှာနေရာတကာ၌လူ၏အကျိုးဆောင်မပြုလုပ်နိုင်ပါ။ သို့ရာတွင် သန့်ရှင်းသောဝိညာဉ်တော်ဘုရား သခင်သည် ထိုကဲ့သို့မဟုတ်၊ သူပြုလုပ်ရန်အချိန်နှင့်နေရာအကန့်အသတ်မရှိပါ။ သူသည် တစ်ဦးစီအတွက် အကြံပေးခြင်း၊ လမ်းညွှန်ခြင်းတို့ကို လူမြောက်မြားစွာအတွက် နေရာများစွာတွင်အကျိုးဆောင်ပေးနိုင်သည်။ ထို့ကြောင့် ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လူ၏အကျိုးကိုဆောင်ပေးသည်။

## ၂။ မည်သူကိုသန့်ရှင်းသောဝိညာဉ်တော်ဟုခေါ်ဆိုပါသနည်း

ကျွန်ုပ်တို့အား ကျွေးမွေးပြုစုယုယသောဘုရားသခင်အား အဘဘုရားသခင်ဟုခေါ်ဆိုနိုင်သည်။ သားတော်ခရစ်တော် ကိုလည်း လူနှင့်အတူပေါင်းသင်းနေထိုင်ခဲ့သောကြောင့် သားတော်ဘုရားသခင်ဟုခေါ်ဆိုနိုင်သည်။ သို့ရာတွင် သန့်ရှင်းသော ဝိညာဉ်တော်အား မည်ကဲ့သို့ခန့်မှန်းခေါ်ဆိုရမည်ကိုစဉ်းစားရခက်ပါသည်။ လူ၏နီးကပ်ပုံ၊ ရင်းနှီးပုံဖြင့် နှိုင်းယှဉ်ရန်မလွယ် ပါ။ သို့ရာတွင် ကျမ်းစာက ကျွန်ုပ်တို့အားတိကျသောသန့်ရှင်းသောဝိညာဉ်တော်၏အကြောင်းကိုဖော်ပြထားပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသခင်သည် ပုံပန်းနှင့်ကိုယ်ရှိ၏။ ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို ရှင်းပြရာ၌ လူ၏ပုံပန်းနှင့်ကိုယ်ကဲ့သို့ဖြစ်ကြောင်း သုံးပါးပေါင်းဘုရားသခင်တစ်ပါးဖြစ်ကြောင်း မှတ်တမ်းတင်ထားပါသည်။ "သင်တို့သည်သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကိုပေးကြလော့" (မဿဲ ၂၈း၁၉)။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသခင်သည် လူ၏ပုံပန်းနှင့်သဘောသဘာဝ စိတ်ထား (ရောမ ၈း၂၇)၊ အသိပညာ (၁ကော ၂း၁၀)၊ လူသားများအတွက်ချစ်ခြင်း၏ခံစားမှု (ရောမ ၁၅း၃၀)၊ ကျွန်ုပ် တို့အပြစ်လုပ်သောအခါ ဝမ်းနည်းခြင်းခံစားရသည် (ဧဖက် ၄း၃၀)၊ သွန်သင်နိုင်သောစွမ်းရည်သတ္တိ (နေဟမိ ၉း၂၀)နှင့် ကျွန်ုပ်တို့ကိုလမ်းပြရန်ခွန်အားတန်ခိုးရှိသည်။

ဖန်ဆင်းခြင်းတွင်ပါဝင်ကူညီသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကမ္ဘာကြီးကို အဖဘုရားသခင်နှင့်သားတော် ဖန်ဆင်းစဉ်ကပါဝင်ကူညီခဲ့သည်။ "အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူ၏။ မြေကြီးသည် အဆင်းသဏ္ဍာန်မရှိ၊ လွတ်လပ်လဟာဖြစ်၏။ နက်နဲရာအရပ်ကိုမှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာလှုပ်ရှားတော်မူ၏" (ကမ္ဘာ ၁း၁၊ ၂)။

## ၃။ သန့်ရှင်းသောဝိညာဉ်တော်၏တာဝန်ဝတ္တရားများ

### *(၁) လူ၏စိတ်ဆန္ဒပြောင်းလဲပေးခြင်း*

ခရစ်တော်သည် နိကောဒင်နှင့်တွေ့ဆုံသောအခါ လူ၏စိတ်ကိုပြောင်းလဲရာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ငန်းပါဝင်ကြောင်းပြောပြသည်။ "ယေရှုကလည်း၊ ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား ဘုရားသခင်၏ နိုင်ငံတော်သို့မဝင်ရဟု ငါအမှန်အကန်ဆို၏" (ယောဟန် ၃း၅)။

ဝိညာဉ်တော်မွေးဖွားခြင်းဟူသည်ကား လူသည် ဘဝသစ်သို့ကူးပြောင်းရန် ဝိညာဉ်တော်၏ပဲ့ပြင်သွန်သင်ဆုံးမခြင်းလိုကြောင်းနှင့် အသစ်သောအသက်တာစရန် ဝိညာဉ်တော်၏တန်ခိုးခွန်အားလိုကြောင်းပြသထားသည်။ အကျင့်သည်သာမန်အနေဖြင့်ပြောင်းလဲခြင်းသာမကဘဲ အတွင်းစိတ်သဘောထားနှင့်အတွေးအခေါ်များကိုပါပြုပြင်ပြောင်းလဲပေးခြင်းဖြစ်၏။ အနာဂတ်စကားအရ၊ "ငါသည် သင့်အားနှလုံးအသစ်ကိုပေးမည်" (ယေဇကျေလ ၃၆း၂၆)။

### *(၂) ဝိညာဉ်တော်သည် ကျွန်ုပ်တို့အားအမှားလုပ်ခြင်းကိုသိစေရုံမျှမကဘဲ သန့်ရှင်းသောအသက်တာလိုလားရန်ပြုပြင်ပေးသည်*

"ဥပဓ္ဈာယ်ဆရာသည် ရောက်လာလျှင် အပြစ်ကိုလည်းကောင်း၊ အပြစ်တင်ခြင်းကိုလည်းကောင်း၊ အပြစ်စီရင်ခြင်းကိုလည်းကောင်း လောကသားတို့အားထင်ရှားစွာဖေါ်ပြမည်" (ယောဟန် ၁၆း၈)။ အကျင့်ပျက်သောဘဝမှ ရုတ်တရက်ပြောင်းလဲလာခြင်းတို့၏ဖြစ်ရပ်မှာ သန့်ရှင်းသောဝိညာဉ်တော်၏သွန်သင်ဆုံးမလမ်းပြပို့ဆောင်ခြင်းကြောင့်သာဖြစ်၏။

### *(၃) ခရစ်ယာန်အသက်တာဘဝသို့ပို့ဆောင်ခြင်း*

ခရစ်တော်သည် ဝိညာဉ်တော်၏မစခြင်းဖြင့် သေးငယ်သောအငန်နှင့်တိုက်ရိုက်ပြောဆိုသွန်သင်၏။ "သင်သည် လက်ျာဘက်၊ လက်ဝဲဘက်သို့လမ်းလွှဲလျှင် ဤမည်သောလမ်းသည်မှန်၏။ ဤလမ်း၌သွားလော့ဟု သင့်နောက်၌ ပြောသောစကားသံကိုကိုယ့်နားနှင့်ကြားရလိမ့်မည်" (ဟေရှာယ ၃၀း၂၁)။ ဂြိုဟ်တုမှတစ်ဆင့်ပေးပို့သောအသံနှင့် ရုပ်များကို ကျွန်ုပ်တို့၏ရုပ်မြင်သံကြားစက်မှတစ်ဆင့် ရုပ်ဝေးမှလာသောအဖြစ်အပျက်များကိုတွေ့မြင်ကြားသိရပါသည်။ ဝိညာဉ်တော်သည်လည်း ဂြိုဟ်တုပမာ ခရစ်တော်၏အကြောင်းအရာသတင်းများကိုပေးပို့ပါသည်။ လိုသောအခါ၌လည်း ဝိညာဉ်တော်သည် ပို၍နီးအောင်စီစဉ်ပေးပါသည်။ (ယောဟန် ၁၄း၁၅–၂၀)။

### *(၄) ဆုတောင်းခြင်းအသက်တာကိုလည်းကူညီမစသည်*

"ထိုမှတစ်ပါး ငါတို့မတတ်နိုင်သောအရာမှာ ဝိညာဉ်တော်သည်မစတော်မူ၏။ ငါတို့သည်ဆုတောင်းသင့်သည်အတိုင်း အဘယ်ဆုကိုတောင်းရမည်ဟုမသိကြ။ သို့ရာတွင် ငါတို့ဆုတောင်းခြင်းအမှုကိုနှုတ်မမြွက်နိုင်သော ညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည်စောင့်မတော်မူ၏။ စိတ်နှလုံးကိုစစ်တော်မူသောသူသည်လည်း ဝိညာဉ်တော်၏ စိတ်သဘောကိုသိတော်မူ၏။ အကြောင်းမူကား ဝိညာဉ်တော်သည် သန့်ရှင်းသူတို့၏ဆုတောင်းခြင်းအမှုကို ဘုရားသခင်၏ အလိုတော်နှင့်အညီ စောင့်မတော်မူ၏" (ရောမ ၈း၂၆၊ ၂၇)။ ကျွန်ုပ်တို့သည် ဆုတောင်းရာ၌သုံးရမည့်စာလုံးအခက်အခဲနှင့်ကြုံသောအခါ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွက်ဆုတောင်းပေး၏။ ကျွန်ုပ်တို့သည် စိတ်ဓါတ်ကျ၍ ဆုတောင်းသောအခါ ညည်းညူသံဖြင့်ပေါ်ပေါက်လာသောအခါ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏လေသံဖြင့်ဆုတောင်းသောအသံကို ဝိညာဉ်တော်သည်အသံချဲ့ပေးကာ အားကြီးသောဆုတောင်းခြင်းဖြစ်စေ၍ ဘုရားသခင်၏ပလ္လင်တော်ရှေ့အထိပို့ဆောင်ပေး၏။

### *(၅) ခရစ်ယာန်တို့၏အကျင့်များကိုပြုပြင်ပြောင်းလဲပေးသည်*

ဝိညာဉ်တော်သည် ဘုရားတရားမရှိသောသူတို့ကို အကျင့်နှင့်ပြည့်စုံစေရန် ပြုပြင်ပေးသည်။ "ဝိညာဉ်ပကတိ၏ အကျိုးမူကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း" (ဂလာတိ ၅း၂၂၊ ၂၃)။ ဝိညာဉ်တော်အသီး၏သဘောတရားမှာ ကောင်းသောစပျစ်နွယ်ပင်တို့ကိုင်းကူးကိုင်းဆက်ပြုလုပ်ပေးခြင်းဖြစ်၏ (ယောဟန် ၁၅း၅)။

### *(၆) ကျွန်ုပ်တို့ကိုသက်သေခံရန်ပြင်ဆင်ပေးခြင်း*

ခရစ်တော်ကတိပြုထားခဲ့သည်မှာ "ထိုသို့မရှိသော်လည်း သင်တို့အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည်တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည် မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်" (တမန်တော် ၁း၈)။

သက်သေခံရန်ဆန္ဒရှိသောသူတိုင်းတို့သည် ဝိညာဉ်တော်ကခွန်အားပေးသည်။ ကျွန်ုပ်တို့အနေဖြင့် အဖြေအားလုံးမပေးနိုင်သော်လည်း ဝိညာဉ်တော်သာလျှင် စိတ်နှလုံးကိုတရားရရှိရန်ပြုပြင်ပေးနိုင်သည်။ တမန်တော်တို့သည် ပင်တေကုတ္တေပွဲမတိုင်မီက တရားဟောရန်ခက်ခဲ၏။ သို့ရာတွင် သန့်ရှင်းသောဝိညာဉ်တော်ကျရောက်ပြီးသည့်နောက် "လောကနိုင်ငံကိုမှောက်လှန်နိုင်သော" အစွမ်းတန်ခိုးကိုရရှိလေသည် (တမန်တော် ၁၇း၆)။

## ၄။ ဝိညာဉ်တော်၏ဆုကျေးဇူးများ

ခရစ်ယာန်ကျမ်းစာတွင် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးနှင့် ခရစ်ယာန်သာသနာလုပ်ငန်းကိစ္စဖြင့် လုပ်ဆောင်ရန် ယုံကြည်သူများအတွက် ဆုကျေးဇူးဟူ၍ ခွဲခြားသတ်မှတ်ထားပါသည်။ "ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား မြင့်သောအရပ်သို့တက်ကြွတော်မူသဖြင့် များစွာသောသူတို့ကိုဖမ်းသွားတော်မူ၍ သူတို့အားဆုလာဘ်များကိုပေးတော်မူသည်ဟု လာသတည်း။ ခရစ်တော်၏ကိုယ်တော်ကိုတည်ဆောက်၍ ဓမ္မဆရာ၏အမှုကိုပြုတတ်မည်အကြောင်း သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလိုငှါ ထိုသခင်သည်လူအချို့တို့ကိုတမန်တော်အရာ၌လည်းကောင်း၊ အချို့တို့ကိုပုရောဖက်အရာ၌လည်းကောင်း၊ အချို့တို့ကိုခရစ်ယာန်သာသနာပြုအရာ၌လည်းကောင်း၊ အချို့တို့ကိုသင်းအုပ်ဆရာ၊ ဆရာအရာ၌လည်းကောင်း ခန့်ထားတော်မူ၏" (ဧဖက် ၄း၈၊ ၁၁၊ ၁၂)။ ခရစ်ယာန်တိုင်းတူညီသောဆုကျေးဇူးကိုမရရှိပါ။ အချို့တို့သည်များစွာရရှိမည်။ အချို့တို့သည် ဝိညာဉ်တော်ဆုံးဖြတ်သည့်အတိုင်း အနည်းအကျဉ်းသာရရှိမည် (၁ကော ၁၂း၁၁)။ ဝိညာဉ်တော်သည် ယုံကြည်သူယောကျ်ားနှင့်မိန်းမတို့အား ဘုရားသခင်၏အကြံအစည်အတိုင်း လိုသောဆုလာဘ်များကိုပေးသနားတော်မူ၏။ ဘုရားသခင်သည် မိမိ၏အသင်းသားနှင့်အသင်းတော်အတွက်လိုလျက်ရှိသောအကောင်းဆုံးကိုပေးသနားတော်မူ၏။

နောက်ဝိညာဉ်တော်ဆုကျေးဇူးတစ်ခုမှာ (၁ကော ၁၂း၈–၁၀) တွင်ပညာဉာဏ်၊ ယုံကြည်ခြင်း၊ ဆေးဝါးကုသနိုင်သောအစွမ်းတန်ခိုး၊ ပုရောဖက်ပြုနိုင်သောအစွမ်းတန်ခိုးနှင့် ဘာသာစုံပြောနိုင်သောတန်ခိုးကိုပေးတော်မူ၏။

ပေါလုသည် သာ၍ကောင်းသောဆုကျေးဇူးရရန်နှိုးဆော်ထားသည်။ "သင်တို့သည် အမြင့်ဆုံးသောဆုကျေးဇူးတော်တို့ကိုအလွန်အလိုရှိကြသည်တွင် သာ၍မြတ်သောလမ်းကိုငါပြဦးမည်" (၁ကော ၁၂း၃၁)။ မေတ္တာအခန်းဖြစ်သော (၁ကော ၁၃း၁ မှ ၁၃ ထိ)။ ဤကျမ်းချက်အရမှတ်သားရန် အကောင်းဆုံးနည်းလမ်းမှာ မေတ္တာလမ်းဖြစ်သတည်း။ မေတ္တာသည် ဝိညာဉ်တော်၏အသီးဖြစ်၏။ (ဂလာတိ ၅း၂၂)။ ကျွန်ုပ်တို့၏တာဝန်မှာ ဝိညာဉ်တော်၏အသီးကိုရှာရန်ဖြစ်၍ နောက်ပြီးမှလိုသောသူတို့အား ဝိညာဉ်တော်၏စိတ်ဆန္ဒအရခွဲဝေပေးရမည် (၁ကော ၁၂း၁၁)။

## ၅။ ပင်တေကုတ္တေပွဲနေ့၌ရရှိသောဝိညာဉ်တော်

ပင်တေကုတ္တေပွဲနေ့တွင် ခရစ်တော်၏ကတိအရ၊ ဝိညာဉ်တော်၏ဆုကျေးဇူးများကိုမြောက်မြားစွာပေးခဲ့ပါ၏။ "ထိုသို့မရှိသော်လည်း သင်တို့အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည်တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်" (တမန်တော် ၁း၈)။ ပင်တေကုတ္တေပွဲနေ့၌ တမန်တော်တို့အားတန်ခိုးခွန်အားပေးသောကြောင့် ဧဝံဂေလိတရားကိုဘာသာစကားတိုင်းနားလည်နိုင်သောအစွမ်းသတ္တိကိုပေးတော်မူ၏ (တမန်တော် ၂း၃–၆)။ ခရစ်ယာန်ကျမ်းစာကိုလေ့လာသောသူတို့သည် ဆောင်းနှောင်းဦး (မိန်ရာသီ) နှင့်နွေရာသီအစ၌ရွာသောမိုးကဲ့သို့ ဝိညာဉ်တော်ကြွလာခြင်းကိုနှိုင်းယှဉ်ထားပါသည် (ယောလ ၂း၂၃)။ ပင်တေကုတ္တေပွဲ၌ကျရောက်သောဝိညာဉ်တော်ကို မိုးဦးဟုခေါ်ထားပါသည်။ အကြောင်းမှာ ထိုမိုးဦးကြောင့် အသီးအပင်တို့သည်ပေါက်ခွင့်နှင့်လန်းဆန်းကြ၏။ အသင်းတော်တည်ထောင်စက တိုးတက်ကြီးပွားရန် ဝိညာဉ်တော်မိုးဦးကိုရွာသွန်းပေးခဲ့သည်။

## ၆။ နောက်မိုးတည်းဟူသောသန့်ရှင်းသောဝိညာဉ်တော်

ဝိညာဉ်တော်၏စကားအရ အသင်းတော်အပေါ်သို့ဝိညာဉ်တော်သွန်းလောင်းသောအခါ အသင်းသားတို့သည် နေရာအနှံ့သက်သေခံမည်ဖြစ်ကြောင်းပြောပြထားသည် (ယောလ ၂း၂၈၊ ၂၉)။ နှစ်ရာပေါင်းများစွာကြာညောင်းခဲ့ပြီးသည့်နောက် ကယ်တင်ခြင်းဧဝံဂေလိတရားသည် ကမ္ဘာကြီးအနှံ့သို့ရောက်ရှိခဲ့သောကြောင့် နောက်မိုးတည်းဟူသောဝိညာဉ်တော်ဆုကို ပေးသောအခါ အသီးကိုမှည့်စေ၍ ရိတ်သိမ်းရမည်ဖြစ်ကြောင်းပြောပြထားသည်။ ထိုအနာဂတ်၏လှုပ်ရှားမှုသည် တရွေ့ရွေ့ဖြင့် ခရစ်တော်ဒုတိယအကြိမ်ကြွလာခါနီးအထိဖြစ်ပေါ်လာမည်။ ဘုရားသခင်သည် စိတ်စေတနာမှန်သောသူတော်စင်အားလုံးတို့အား ဝိညာဉ်တော်သွန်းလောင်းပေး၍ အဆင်သင့်ရှိမည်ဖြစ်ကြောင်းပြောပြထားသည်။ သင်သည် မိုးဦးဝိညာဉ်တော်ဆုကျေးဇူးခံရပြီလား။ ဘုရားသခင်သည် နောက်မိုးတည်းဟူသောဝိညာဉ်တော်ပေးရန် သင်ပြင်ဆင်ပါ၏လား။ ဝိညာဉ်တော်နှင့်ပြည့်ဝသောအသက်တာကိုသင်ရပါသလား။ သင်သည် ဝိညာဉ်တော်၏တန်ခိုးကိုရရှိပြီလား။ သင်သည် ဘုရားသခင်နှင့်ဆက်သွယ်၍ သူ၏ကြီးမားသောမေတ္တာနှင့် မကြာမီကြွလာမည့်အကြောင်းကိုစောင့်မျှော်ပြင်ဆင်နေပါသလား။

## ၇။ ဝိညာဉ်တော်ရရှိနိုင်ရန်အကြောင်းရင်းများ

ပင်တေကုတ္တေပွဲနေ့၌ ဝိညာဉ်တော်ဆုကျေးဇူးခံရသောသူတို့၏စကားမှာ "ညီအစ်ကိုတို့၊ ငါတို့ဘာလုပ်ရမည်နည်း" (တမန်တော် ၂း၃၇)။ "ပေတရုကလည်း သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှမကြွင်း ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသောဆုကျေးဇူးတော်ကိုခံရကြလတ္တံ့တည်း" (တမန်တော် ၂း၃၈)။

နောင်တတရား– အပြစ်ကိုရှောင်ရှားခြင်းအသက်တာနှင့် ခရစ်တော်ထံသို့ခြေလှမ်းဦးတည်ခြင်းအသက်တာသည် ဝိညာဉ်တော်ဆုရရှိနိုင်ကြောင်းဖြစ်သည်။ ကျွန်တော်တို့အပေါ်သို့ဝိညာဉ်တော်သွန်းလောင်းနိုင်ရန် ပထမဦးစွာနောင်တတရားနှင့်အသက်တာကို ခရစ်တော်အားအပ်နှံခြင်းရှိရမည်။ ခရစ်တော်ကိုယ်တိုင်လည်း ဝိညာဉ်တော်ဆုရရှိနိုင်ရန် ဘုရားသခင်၏နောက်တော်သို့လိုက်ခြင်း၊ စကားတော်ကိုနားထောင်ခြင်းများသည် ဆုကျေးဇူးရနိုင်စရာအခြေခံများဖြစ်ကြသည် (ယောဟန် ၁၄း၁၅–၁၇)။

## ၈။ ဝိညာဉ်တော်ပြည့်ဝသောအသက်တာ

ဤလောကကြီးမှ ခရစ်တော်မထွက်ခွာမီ သတိပေးထားသောစကားများမှာ "ထိုတမန်တော်တို့ကိုစုဝေးစေတော်မူပြီးလျှင် ယေရုရှလင်မြို့မှမထွက်မခွါဘဲ ခမည်းတော်၏ကတိကိုငံ့မျှော်နေမည်အကြောင်း မှာထားတော်မူ၍ ထိုကတိတော်ကိုငါဟော

ပြောသဖြင့် သင်တို့ကြားသိရကြပြီ။ ကတိတော်အချက်ဟူမူကား– ယောဟန်သည် ရေ၌ဗတ္တိဇံကိုပေး၏။ သင်တို့သည် မကြာမမြင့်မီ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကိုခံရကြလိမ့်မည်ဟုမိန့်တော်မူ၏” (တမန်တော် ၁း၄၊ ၅)။ ထပ်ခါတလဲလဲ ခရစ်ယာန်ကျမ်းစာက ခရစ်ယာန်တို့သည် ဝိညာဉ်တော်နှင့်ပြည့်ဝလျက်ရှိရမည်ဟုမှာကြားထားသည် (တမန်တော် ၂း၄။ ၄း၈။ ၄း၃၁။ ၆း၃။ ၆း၅။ ၇း၅၅။ ၉း၁၇။ ၁၃း၉။ ၁၃း၂၅။ ၁၉း၆)။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်ယာန်၏ အသက်တာကိုပြည့်စုံခြင်းနှင့်လှပခြင်းရရှိနိုင်ရန် ဝိညာဉ်တော်ကိုပေးတော်မူ၏။

ခရစ်ယာန်တို့၏အသက်တာသည် ဝိညာဉ်တော်နှင့်ပြည့်ဝရမည်အကြောင်း ပေါလုကဆုတောင်းပေးခဲ့သည်။ “ဆုတောင်းသောအချက်ဟူမူကား ဝိညာဉ်တော်အားဖြင့် သင်တို့၏အတွင်းလူကို ခွန်အားနှင့်မြဲမြံခိုင်ခံ့စေ၍ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏စိတ်နှလုံးထဲ၌တည်ရှိတော်မူမည်အကြောင်း၊ ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့်ညီလျော်စွာ သင်တို့အားပေးသနားတော်မူ၍ မေတ္တာ၌စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျတည်ခြင်းရှိသဖြင့် သင်တို့သည်သန့်ရှင်းသူအပေါင်းတို့၏နည်းတူ ယေရှုခရစ်အားဖြင့် အသင်းတော်၌ကမ္ဘာအဆက်ဆက်ဘုန်းကြီးစေတော်မူသတည်း။ အာမင်။” (ဧဖက် ၃း၁၆၊ ၁၇၊ ၂၁)။

ဖရင့်မောရစ်၏သစ္စာရှိသောခွေးဘားဒီကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်သည်လည်း ကျွန်ုပ်တို့အားလမ်းပြသွန်သင်၍ လိုသည်ထက်ပိုသောမစခြင်းကိုပေးတော်မူ၏။ အသစ်သောဆန္ဒနှင့် အသစ်သောအစွမ်းသတ္တိများဖြင့် ရှေ့သို့တိုးကာ အသက်တာ၏ပြဿနာများကိုရင်ဆိုင်နိုင်ရန်မစတော်မူ၏။ ဝိညာဉ်တော်ပြည့်သောဗဟုသုတသည် ဆုတောင်းခြင်းနှင့်ကျမ်းစာလေ့လာခြင်းအားဖြင့် နေ့စဉ်ရရှိသည်။ ဆုတောင်းခြင်းသည် ခရစ်တော်အားဆက်သွယ်ပေးကာ နှုတ်ထွက်စကားတော်လေ့လာခြင်းအားဖြင့် ဘုရားသခင်၏ဆုကျေးဇူးများကိုမျက်မှောက်ပြုနိုင်ခြင်းဖြစ်သည်။ ထိုကဲ့သို့သောအကျင့်များဖြင့် ကျွန်ုပ်တို့နှင့် ခရစ်တော်၏ကြားရှိအဟန့်အတားဖြစ်စေသောအရာများကိုပစ်ပယ်၍ တန်ဖိုးမဖြတ်နိုင်သောဝိညာဉ်တော်ကောင်းချီးများစီးဆင်းရန် ပြုပြင်ပေးပါသည်။ ဤနည်းသည် မကောင်းသောအကျင့်ဓလေ့များနေရာတွင် ကောင်းသောအကျင့်ဓလေ့များအစားထိုး၍ ဝိညာဉ်ကြီးပွားခြင်းဖြစ်စေမည်။ ရောမအခန်းကြီး (၈) တွင်ဝိညာဉ်တော်ပြည့်သောအသက်တာအကြောင်းဖော်ပြထားသည်။ အချိန်ယူ၍ဖတ်ကြည့်ပါ။ ပေါလုပြသသောဝိညာဉ်တော်အကြိမ်ပေါင်းကိုလည်းသတိပြုပါ။ ထိုဝိညာဉ်တော်သည် ခရစ်ယာန်တို့၏ခွန်အားတန်ခိုးဖြစ်သည်။ သင်သည် ဝိညာဉ်တော်ပြည့်သောအသက်တာကိုရှာဖွေတွေ့ရှိပြီလား။ သင်၏အသက်တာတွင် ဝိညာဉ်တော်ရှိကြောင်းသိရဲ့လား။ ထိုဝိညာဉ်တော်တန်ခိုးခွန်အားပေးကြောင်းခံစားရပါသလား။ ဤစကြဝဠာတွင် တန်ခိုးအကြီးဆုံးပေးနိုင်သောခွန်အားကိုသင်လက်ခံပြီလား။

–၀–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၁၁) အဖြေလွှာ
## ကျွန်ုပ်အသက်တာရှိထူးဆန်းနက်နဲသောတန်ခိုးခွန်အား

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။

၁။ သန့်ရှင်းသောဝိညာဉ်တော်လာသည်–

------ ဤလောကတွင် ခရစ်တော်၏ကိုယ်စား။

------ လောကနိုင်ငံတည်ထောင်ရန်။

၂။ သန့်ရှင်းသောဝိညာဉ်တော်သည်–

------ ဘုရားသခင်၏ကောင်းကင်တမန်ဖြစ်သည်။

------ သုံးပါးပေါင်းဘုရားသခင်တစ်ပါးဖြစ်သည်။

ဘုရားသခင်ဝိညာဉ်တော်သည်–

------ ဖန်ဆင်းစဉ်ကမရှိပါ။

------ ဖန်ဆင်းစဉ်ကပါဝင်ကူညီသည်။

၃။ သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်သည်မည်သည့်အရာဖြစ်သနည်း–

------ အသစ်သောမွေးဖွားခြင်းဖြင့် လူ၏စိတ်ကိုပြောင်းလဲပေးသည်။

------ အပြစ်ဖေါ်ပြသည်။

------ အမှန်တရားပြပေးသည်။

------ ခရစ်တော်နှင့်ဆက်သွယ်ပေးသည်။

------ ဝိညာဉ်တော်အသီးတည်းဟူသော ချစ်ခြင်း၊ သည်းခံခြင်း၊ ချုပ်တည်းခြင်း။

------ ဆုတောင်းသောအခါကူညီရန်ဖြစ်သည်။

------ သက်သေခံရန်တန်ခိုးပေးသည်။

၄။ ဝိညာဉ်တော်၏ဆုကျေးဇူးသည် မည်သည့်အရာဖြစ်သနည်း–

------ တရားဟောဆရာ၊ သင်းအုပ်ဆရာ၊ ကျောင်းဆရာဖြစ်နိုင်ရန်။

------ အကျင့်၏ကောင်းကျိုးဖြစ်သောမေတ္တာ၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း။

မည်သည့်ဆုကျေးဇူးကိုခရစ်ယာန်တို့ရရှိပါသနည်း–

------ ဝိညာဉ်တော်၏ဆုကျေးဇူးအားလုံး။

------ ဆုကျေးဇူးသာဝိညာဉ်တော်ရွေးချယ်၍ လူကိုပေးသည်။

၅-၆။ ဝိညာဉ်တော်သည် မည်သည့်အခါတွင်ချပေးပါသနည်း-

------ နောက်ဆုံးသောနေ့ရက်၌ ခရစ်တော်ကြွလာသောအခါ လူကိုပြင်ဆင်ရန်ပေးသည်။

------ တမန်တော်အချိန်၌ ပင်တေကုတ္တေပွဲနေ့မှာသာပေးသည်။

၇။ ဆုကျေးဇူးအနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကိုမည်ကဲ့သို့ရရှိသနည်း-

------ ကြိုးစားနိုင်သလောက်ကြိုးစားမှသာရရှိမည်။

------ နောင်တတရားနှင့် မိမိအသက်တာကိုဆက်ကပ်ခြင်းဖြင့် ရေနှစ်ခြင်းခံမှသာရရှိနိုင်မည်။

**နှလုံးသားမေးခွန်း**

ဝိညာဉ်တော်သည် မိမိတန်ခိုးအားဖြင့် ကျွန်ုပ်တို့အထဲသို့ကြွလာမှသာ ကျွန်ုပ်တို့၏အသက်တာသည် လုပပြည့်စုံမည်။ သင်၏အသက်တာတွင် ဝိညာဉ်တော်ကြွလာသည့်လက္ခဏာကိုမြင်လိုပါသလား။

-၀-

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**------------------------------

**လမ်းနှင့်အိမ်အမှတ်**----------------------

**မြို့**--------------------------------

**နယ်**-------------------------------

**ကိုးကွယ်သည့်ဘာသာ**---------------------